# အိမ်မြောင်လျှောင်အိမ် ၃၈

ကိုစိန်ယုံ နတ်စင်ရှေ့မှာ ကြာကြာမနေပါ။ ဘယ်တော့မှလည်း အချိန်အကြာကြီး မဖြုန်းပါ။ ဒါပေမဲ့ မူးယစ်ဆေးဝါး ရောင်းဝယ်၊ လက်ပြောင်း၊ လက်လွှဲလုပ်တဲ့အခါမှာတော့ အချိန်အကြာကြီး စောင့်တတ်ပါတယ်။ ကြွက်သတ်သမားကုလားလေးဟာ ကိုစိန်ယုံအ တွက် ဘာမှအရေးမပါပါဘူး။ ပိန်ပိန်ညှောင်ညှောင် မဲမဲသဲသဲနှင့် ကုလားလေးလို့ပဲ ကိုစိန် ယုံ စိတ်ထဲမှာ မှတ်ထားတယ်။

ကုလားလေးဟာ ကိုစိန်ယုံလုပ်ရပ်ကြောင့် နိုင်ငံရေးသမား အကျဉ်းသားတွေ ခွေးလှောင်အိမ်ထဲ ပို့ခံလိုက်ရတာကို ဖော်ထုတ်ပြောကြားလိုက်ပေမဲ့ စိတ်ထဲမှာကိုစိန်ယုံ ရဲ့ လျှို့ဝှက်ချက်ကို သူသိဆိုတာကို ဖော်ထုတ်ချင်နေခဲ့တာ၊ နောက်ပြီးတော့လည်း ဘောလ် ပင်ကိစ္စမှာလည်း ဝါဒါတွေဟာ စိတ်မပါပဲ ပြီးရင်ပြီးရောဆိုပြီး သမန်ကာရှန်ကာ ရှာကြတော့ မတွေ့ဘူးပေါ့။

ဝါဒါတွေဟာ တာဝန်အပေးခံရတဲ့အတွက် အကျဉ်းစခန်းတခုလုံးကို ရှာကြတယ်။ သေးအိုးတွေကို တုတ်နှင့်မွှေရှာကြတယ်။ ကိုလူချောအမိန့်က ကြောက်စရာ ကောင်းလှတယ်။ ရှာဖို့တနေရာဘဲ ကျန်တော့တယ်။ စားဖိုဆောင်ကို မရှာရသေးဘူး။ ထောင်ဆေးရုံဝန်ထမ်းတွေဆီက ဘာအဖြေမှမရဘူး။ အကျဉ်းသားတွေဆီက ရှာလို့ရတာက ခဲတံ၊ ပေတံ၊ မှတ်ဆိတ်ရိတ်ဓါး၊ မှတ်စု၊ မှတ်တမ်း၊ ရည်းစားစာ၊ သတင်းစာ၊ အမေရိကန် ၅ဒေါ်လာတန် တရွက်၊ (ဒါပေမဲ့ ကိုလူချော သိမ်းသွားတယ်။ လက်ရှိသုံးနေတဲ့ တရန်စွတာ ရေဒီယိုတလုံး၊ ဘက်ထရီခါတ်ခဲ့ တလုံး၊ မိန်းမမိတ်ကပ်၊ မိန်းမညဝတ်အင်္ကျီတွေ ဖြစ်တယ်။) ဘောလ်ပင်ကိုတော့ လုံးဝရှာမတွေ့ခဲ့ပါ။ မမှားအောင်လို့ ဘောလ်ပင်အောက် ခြေကို ဘလိတ်ဓါးနှင့် အမှတ်ပေးတယ်။ အဆောင် ၁နှင့် ၄တို့က ထောင်ကျတွေ တော်တော်စိတ်ဆိုးကြတယ်။ ဝါဒါတွေ လိုက်ရှာတဲ့ ဘောလ်ပင်အဖြူကို မတွေ့ပေမဲ့ တခြား ပစ္စည်းတွေကို ဝါဒါတွေ သိမ်းသွားတော့ စိတ်ဆိုးကြတယ်။ အဆောင် ၅က တချို့လူဆိုးအ ကျဉ်းသားဟာ စိတ်ဆိုးလို့ ဝါဒါကို ဝိုင်းထိုးကြတယ်။ ဒါနှင့်ဘဲ အဆောင် ၅ကို ၃ရက်သော့ ခတ်လိုက်တယ်။ ရေလည်း မချိုးရတော့ဘူး။ အကျဉ်းကျ ၄ယောက်ကို ဝါဒါတွေ ထိုးလိုက် တဲ့ကိစ္စနှင့် မြေကျင်းထဲမှာ ၄၈နာရီ အစာရေစာ မပေးဘဲ ဒဏ်ခတ်လိုက်တယ်။

တော်တော်တုံးတဲ့ ကောင်လေးလို့ ကိုစိန်ယုံ ကုလားလေးကို သတ်မှတ်ထား တယ်။ ကိုစိန်ယုံ အမြင်မှာတော့ ကုလားလေးဟာ တကမ္ဘာလုံးကို ကြောက်နေတယ်။ လူတိုင်းကို သိပ်ပြီးတော့ ရိုရိုသေသေ ဆက်ဆံတယ်။ ထောင်ထဲမှာ သိပ်အရိုအသေပေးစ ရာမလိုဘူး။ တခုတော့ရှိတယ်။ ထောင်မှူး ကိုလူချောအတွက် ဘာတန်စိုးလက်ဆောင်မှ

မပေးရင်တော့ ကိုစိန်ယုံအမြဲတမ်း အထုအထောင်းခံရတာ အမှန်ပဲ။ နောက်ပြသနာ တခုက တန်းစီး ကိုကျားကြီးက ထောင်ထဲမှာ မူးယစ်ဆေးဝါးဖြန့်ချိရေးကို လက်ဝါးကြီး အုပ်ထားတဲ့ကြားက ကိုစိန်ယုံ ဖြတ်ဖြတ်ခုတ်သွားတာခံရတော့ သိပ်စိတ်ဆိုးတယ်။

ဘိန်းဖြူအရောင်းအဝယ်ဟာ တွက်ခြေသိပ်ကိုက်တယ်။ စာရေး စက္ကူနှင့်ပတ်သက်ပြီး ကိုစိန်ယုံစဉ်းစားတော့ အဖြေက တေဇ ဝါးစားပြီး မျိုချလိုက်တာဖြစ်နိုင်တယ်။ ဒါပေမဲ့ ဘောလ်ပင်တော့ ဘယ်လို ဝါးစားမလဲ? တိုက်ပိတ်ထားတဲ့လူရဲ့ လက်ထဲကို သေသေချာချာပေးထားတဲ့ ဘောလ်ပင်က ဘယ်လိုလုပ်ပြီးပျောက်သွားတာလဲ? ကုလားလေးကို သိပ်ယုံရတာ မဟုတ်ဘူး။ ကုလားလေးက တေဇကိုသိပ်ခင်တော့ တေဇအတွက်ဆို ဘာမဆိုလုပ်ပေးမှာ။ ရအောင်တော့ အစ်ပြီး မေးရမယ်။

ကိုစိန်ယုံစိတ်ထဲမှာ ကိုယ့်ကိုကိုယ်အပြစ်ရှိတယ်လို့ ထင်မထားဘူး။ ဘာဖြစ်လို့လည်းဆိုရင် သူဟာ တေးဆိုငှက်ကို လက်ဖျားနှင့်တောင် တို့ခဲ့တာမဟုတ်ဘူး။ ကိုစိန်ယုံက အကြမ်းဖက်တဲ့မှုကို မကြိုက်ဘူး။ တေဇဟာလည်း ခင်စရာကောင်းတဲ့ လူတယောက်ပါ။ တေဇကို သူဆေးပေါ့လိပ် ပေးဘူးတာပဲ။ ကုသိုလ်တော့ ရမှာပါ။ ထောင်ထဲမှာ သိပ်စေတနာရှိပြီးတော့ လူတိုင်းကိုတော့ သဘောမကောင်းနေလို့ မဖြစ်ဘူး။ လူတွေဟာ လောဘနှင့် ဒုက္ခရောက်သွားနိုင်တယ်။

တိုက်ထဲမှာ ကိုလူချော တေဇကို ဘယ်လောက်ရက်စက်ခဲ့တယ်ဆိုတာ ကိုစိန်ယုံ သိပါတယ်။ ကိုလူချောဟာ M.I တယောက် သိပ်ဖြစ်ချင်လို့ ထောင်ပိုင်ကြီးကို အမြဲတမ်း မျက်နှာလုပ်နေတယ်။ အခုဆိုရင် ကိုစိန်ယုံရော ထောင်မှူး ကိုလူချောရော တေဇရှိတဲ့ အခန်းသွားခွင့်မရှိတော့ဘူး။ ကုလားလေးက စပ်စပ်စုစုရှိတယ်။ တိုက်ပိတ်ခန်းမှာ တေဇ ရက်ရက်စက်စက်ခံရတာကို တခြားအဆောင်ကလူတွေကို ဖွလိုက်နိုင်တယ်။ တေဇကို ဝိုင်းရိုက်တုန်းက ထောင်တံခါးအပြင်ဘက်မှာ ရပ်နေပြီး လက်ခုပ်တီးတာမျိုး ကိုစိန်ယုံ မလုပ်ပါ။

# အခန်း ၃၉

ဗနာရီ ညနေစာထမင်းနှင့်အတူ လက်ဆောင်တွေ ပါလာတယ်။ နာမည်ကြီး ဆေးပေါ့လိပ် ၃လိပ်နှင့် မီးဖြစ်တလုံးကို တေဇအခန်းကျဉ်းလေးထဲ ထိုးထဲ့သွားတယ်။ နောက်ကို ခြေတလှမ်းဆုတ်ပြီး ထိုင်ချလိုက်ရင်း သူပေးတဲ့လက်ဆောင်တွေနှင့် တေဇဘာလုပ်မလည်းဆိုတာ ကြည့်နေတယ်။

အခု သီချင်းမဆိုနိုင်တဲ့ အဆိုတော် တေးဆိုငှက်ဟာ ဆေးပေါ့လိပ်ကို ပါးစပ်မှာ ခဲလိုက်တယ်။ ပြုံးပြုံးလေးနှင့် မီးညှိလိုက်တယ်။

------ ဒါဟာ ကုလားလေး ထင်နေတဲ့ စိတ်ကူး။--- အမှန်ကတော့ တေဇဟာ ကုလားလေးကို " ငါ - ပါးစပ် သိပ်ဟလို့မရဘူး။ နာနေတယ်"

ဆေးပေါလိပ်ကို ရှုက်ဖို့လည်း မလွယ်ဘူး။

ဆေးပေါလိပ်ဖင်ဆီခံကို သာသာလေး ခွာလိုက်တယ်။ စာရွက်သေးသေးလေး ပေါ်မှာ ပုံနှိပ်စာလုံးသေးသေးလေးကို တွေ့ရတယ်။ ကော်ကပ်ထားတဲ့နေရာကို သေသေချာ ချာခွာလိုက်တယ်။ ဆေးတွေ ထွက်ကျလာပြီး စာတော့ ဖတ်လို့ရသလောက် ရှိသွားတယ်။ အဲဒီအခါကျမှ တေဇက " ညီလေး"လို့ တိုးတိုးလေးခေါ်လိုက်ရင်း ဆေးလိပ်ဖင်ဆီခံ သတင်း စာလေးကို သံတိုင်ကြားက ထိုးပေးလိုက်ရင်း ကောင်လေးပေးတဲ့လက်ဆောင်ကို သူဘယ် လို သုံးသလဲဆိုတာပြလိုက်တယ်။ မေးရိုးကျိုးနေလို့ စကားမပြောနိုင်ပေမဲ့ တေဇမျက်နှာဟာ ပြုံးနေသလိုဘဲ။ ဘာသာ ကိုးကွယ်မှု၊ ဘာသာစကားဆိုတာဟာ တယောက်နှင့်တယောက် ဆက်သွယ်ထားတဲ့ အရာဖြစ်တယ်။

ဘာသာနှင့်ပတ်သက်ပြီး ကုလားလေး အဖေကို သတိရလိုက်တယ်။ ဘာသာရေး အတွက် အဖေဟာ ည၊ မနက် ဘုရားရှိခိုးတယ်။ မူဆလင်ဘာသာဖြစ်တဲ့ ဘာသာစကား တွေဟာ ကုလားလေးကို အံ့သြစေတယ်။

ကောင်လေးဟာ စကားလုံးတွေရဲ့ အဆက်အသွယ်ကို နားမလည်ဘူး ဖြစ်နေ တယ်။ **"ဘာဖြစ်လို့ တေဇဟာ ငါ့ကို ဘာသာစကားကို နားလည်အောင် တိုက်တွန်း နေတာ လဲ။"** စဉ်းစားမရပါ။ ဘာသာစကားကို ကုလားလေး မတတ်ပေမဲ့ တေဇရဲ့ ဘောလ်ပင်အဖြူ နှင့် စာရေးကြည့်ချင်တယ်။

-- နှစ်ယောက်စလုံး ငြိမ်သက်နေတယ်။ အသံမထွက်တဲ့စကားတွေဟာ အများ ကြီးပြောဖြစ်ခဲ့တယ်။ ကလေးရော၊ လူကြီးရော စကားပြောချင်ပေမဲ့ စကားတွေဟာ လေထဲ မှာ မီးခိုးငွေ့တွေလို လွင့်ပြယ်သွားပါတယ်။ စိတ်ထဲမှာ ညီလေးအောင်မင်းကို သတိရလာ တယ်။ ကုလားလေးလည်း အဆီခံသတင်းစာလေးတွေ ဖတ်ကြည့်နေရင်း တေဇကို ခေါင်း မော်ကြည့်လိုက်တယ်။

တေဇအမြန်ထပြီး နောက်ကိုဆုတ်လိုက်တယ်။ ဆေးပေါလိပ်ကို ပုဆိုးကြားထဲ ထိုးလိုက်တယ်။ ကောင်လေးလည်း သေးအိုးကိုကိုင်ရင်း နောက်ဆုတ်လိုက်တယ်။ ဝါရင့်နေ တဲ့ ဝါဒါအိုကြီးတယောက် ရောက်လာတယ်။ တေဇနှင့်ကောင်လေး ခေါင်းတွေငုံ့ထားရင်း အရိုအသေပေးလိုက်တယ်။

-- တခါတလေ ထောင်မှူးကိုချစ်နိုင်တဲ့ တိုးတဲ့အချိန်ကျရင် ကိုချစ်နိုင်ဟာ တင်းထားတဲ့ ထောင်မှူးမျက်နှာဖုံးခွာချပြီး ပြုံးပြတယ်။ လှမ်းပြီးနှောက်တတ်သေးတယ်။

- **မင်းတို့နှစ်ယောက် ထောင်ထဲကထွက်ပြေးဖို့ စာလာပေးတာလား။?**

**ကိုချစ်နိုင် နှောက်ပေမဲ့ ကောင်လေး သေလုမတတ် ကြောက်လန့်သွားတယ်။ ဒါကို သိတဲ့**

**ထောင်မှူးကိုချစ်နိုင်က " ငါနောက်တာပါကွာ။ မင်းဟာ အလုပ်ကို သေသေချာချာလုပ် ဆိုတာ သိပါတယ်။ သတိဝီရိယ ရှိပါစေ–– ဟုတ်လား။ ဟုတ်တယ်မဟုတ်လား ကိုတေဇ။**

တေဇက **"ဟုတ်ပါတယ်။ သိပ်မှန်ပါတယ်။"** တေဇဟာ တိုက်ပိတ်ခန်းထဲမှာ အနှိပ်စက်ခံရပြီး ဒီတိုက်ဖြူလေးဘက် ရောက်မှ ကိုချစ်နိုင်နှင့်အမြဲဆုံပြီး ကိုချစ်နိုင်ရဲ့သဘော ထားကြီးမှုကို သိရတယ်။ သော့တွဲထဲက သော့တချောင်းနှင့် တေဇအခန်းကို ဖွင့်ပေးလိုက် ရင်း တေဇအခန်းကို သန့်ရှင်းရေး လုပ်လိုက်တယ်။

ကိုချစ်နိုင်စိတ်ထဲမှာ တခုခုပြောင်းလဲ ခံစားနေတယ်။ တေဇကို စိုက်ကြည့်ရင်းနှင့် ကောင်လေးကို ပုခုံးကကိုင်ထားရင်း နှစ်သိမ့်လိုက်တယ်။ တေဇကိုလည်း လက်ဆွဲနှုတ်ဆက် လိုက်တယ်။ နှစ်ယောက်ခြားမှာရှိတဲ့ သီးခြားခင်မင်မှုလက္ခဏာဘဲ ဖြစ်ပါတယ်။

**"– ကောင်လေးဟာ ဘယ်လိုလုပ်ပြီး ကျနော့်အဆောင်ကို အမြဲလာနေလဲ?**

ကိုချစ်နိုင်က **"ငါ ထောင်ပိုင်ကြီးကို အကြံပေးထားရှိတယ်။ ကုလားလေးဟာ သိပ်စကားမပြောဘူး။ စပ်စုတာလည်း မရှိဘူး။ လူကြီးတွေကို အမြဲတမ်းအရိုအသေ ပေးတယ်။ ဒါကို ထောင်ပိုင်ကြီး လက်ခံသဘောတူလို့ ဒီကောင်လေး ဒီကိုအမြဲတမ်း ရောက် နေတာပေါ့။ ထောင်ပိုင်ကြီး တခုစဉ်းစားထားတော့ ရှိတယ်။ ကုလားလေးဟာ ပညာလုံးဝ မတတ်ဘူးဆိုတော့ ပိုစိတ်ချသွားတာပေါ့။ "**

**" ––ဒါဆိုရင် ကုလားလေးဟာ အကျဉ်းသားမဟုတ်ဘဲ ဘာလို့ထောင်ထဲမှာ လျှောက်သွားနေတာလည်း။"**

**" အေး –– ဒီကောင်လေး ဒီမှာ နေနေတာကြာပြီ။ သူ့အဖေလည်း ဝါဒါတ ယောက်ဘဲ။ သေသွားတာ သိပ်မကြာသေးဘူး။ ကောင်လေးဟာ ဘယ်မှမသွားတတ်ဘူး။ သူ့အဖေရှိကတည်းက ထောင်နှင့်တဖက်အိမ်ဘဲ သွားတတ်တာ။ ဒါကြောင့် ထောင်ပိုင်ကြီးက ကောင်လေးထဲမှာ အလုပ်လုပ်ချင်ရင် လုပ်လို့ရအောင်ဆိုပြီး ခွင့်ပြုထား တာ။"**

**"မိဘမဲ့ကလေးတယောက်ဟာ ထောင်ထဲမှာနေရတာ သိပ်ကြမ်းတမ်းလွန်း တယ်။ ဒီကလေးကို ဘာလို့ ဘုန်းကြီးကျောင်းမပို့တာလည်း ဘုန်းကြီးကျောင်းမှာဆို စာသင် လို့ရတာပေါ့။ အရေးအဖတ်တော့ ကောင်းကောင်းလုပ်နိုင်မှာပါ။ "**

**" ငါ အရင်က ပြောဘူးတယ်။ သူက ထောင်ထဲမှာဘဲ နေချင်တယ်။ အပြင်က ထွက်ရမှာ ကြောက်နေတယ်။ ရန်ကုန်မြို့ကို တခါမှမသွားဘူး။ မြို့ကြီးတွေဆိုတော့ ကောင် လေးသိပ်လန့်နေတယ်။ "**

တေဇက သက်ပြင်းချရင်း **" ဘာဘဲဖြစ်ဖြစ် ကလေးဟာ တကယ်သနားစရာ လေးပါ။"** တေဇဟာ ကောင်လေးအတွက် စိတ်မကောင်းဖြစ်နေတာ အမှန်ဘဲ။ ထောင်မှူး ကိုချစ်နိုင်က တေဇမျက်နှာကို ကြည့်ရင်း **" မင်းလည်း နည်းနည်းအယောင်ကျလာပြီ၊**

**မင်း ကြည့်ရတာ အတော်သက်သာလာပြီ ထင်တယ်။ ပိန်တာတော့ ပိန်နေသေးတယ်။”**

**“ ဆရာဝန် ဒီနေ့ အိမ်မပြန်ခင် မင်းဆီကိုလာပြီး မော်ဖိန်းထိုးပေးလိမ့်မယ်။ မင်းအခုထက်ထိ ဆန်ပြုတ်ပုံစံ နှစ်ဆရနေသေးတယ် မဟုတ်လား?** တေဇ ခေါင်းညိတ်ပြလိုက်တယ်။ တကယ်ဆိုရင် တေဇ ထမင်းမစားဘဲ တရားထိုင်နေတာကြာပြီ။ ထောင်မှူးကိုချစ်နိုင်မသိသေးပါ။ သိရင် စိတ်ဆိုးမှာ သေချာတယ်။

“ မင်းအတွက် သတင်းကောင်းရှိတယ်။ ထောင်ဝါဒါ အခုတလော ပြောစရာဖြစ်နေတာတွေရှိတယ်။ ဝါဒါတွေ ပျော်နေကြတယ်။ ထောင်ပိုင်ကြီး ဘောလ်ပင်ရှာတဲ့အလုပ်ကို ငြီးငွေ့သွားလို့ မရှာခိုင်းတော့ဘူး။ ထောင်မှူး ကိုလူချောလည်း ဆက်ရှာခွင့်ရှိပေမဲ့ ဘယ်ဝါဒါမှ မကူညီလို့ အခက်တွေ့နေတယ်။” ကိုချစ်နိုင် တေဇမျက်နှာကို သေသေချာချာ စိုက်ကြည့်လိုက်တယ်။ “ရှာဖွေတဲ့ပစ္စည်းနှင့်ပတ်သက်ပြီး အပြစ်ပေးတဲ့လူစာရင်းထဲမှာ မင်းမပါဘူး။ ကံကောင်းတာက မင်းထောင်သက်တမ်းမတိုးခဲ့ဘူး။ တရားရုံးတင်မဲ့ စာရွက်စာတမ်းနာမည်မပါအောင် တခြားအကျဉ်းသားနာမည်နှင့် အစားထိုးပြီး ထောင်ပိုင်ကိုတင်ပြလိုက်တာ တေဇသိမှာ မဟုတ်ပါ။ ဒါပေမဲ့ ထောင်ထဲမှာ ထောင်ကျနေတဲ့ နိုင်ငံရေးအကျဉ်းသားတွေကို မတရားမှုဆင်ပြီး ထောင်သက်ပိုအောင် တင်ပြထားတဲ့စာရင်းစာရွက်တွေကို ဘယ်သူမှမသိအောင် ထောင်မှူးကိုချစ်နိုင် ကော်ပီကူးထားတယ်။ အဲဒီစာရင်းစာရွက်တွေကို နယ်စပ်နှင့်တခြားနေရာကို ကွန်ပြူတာနှင့် ပို့ပေးနိုင်တဲ့လူဆီကို ကိုချစ်နိုင်ပေးပြီးပြီ။ ဆက်သွယ်ရေးသမားနှင့် စာရင်းတွေကို နယ်စပ်ရောက်အောင် လုပ်ပြီးပြီ။

တေဇရဲ့ညီဟာ ကိုချစ်နိုင်ပို့ပေးတဲ့စာရင်းတွေကို မီဒီယာတွေမှာ ထုတ်ပြန်ရေးသားလိမ့်မယ်။ ထောင်ထဲက နိုင်ငံရေးအကျဉ်းသားများရဲ့သတင်းဟာ သိပ်ပြီးလျှို့ဝှက်ထားတာဖြစ်တယ်။ ထောင်မှူးကိုချစ်နိုင်လည်း ထောင်ထဲမှာအမှုဆင်ပြီး ထောင်သက်တမ်းတိုးတာ ကမ္ဘာသိအောင်လုပ်ရလို့ ဝမ်းသာနေတယ်။

ဒီလိုမတရားလုပ်နေတာကို ထောင်မှူးကိုချစ်နိုင်ဟာ ကမ္ဘာကိုသိစေချင်တယ်။ ဒါမှ သက်သက်မဲ့ အပြစ်မရှိ ထောင်ထဲမှာနှိပ်စက်ခံနေရတဲ့ တေဇအတွက် တခုခုပေးဆပ်နိုင်မှာမဟုတ်လား။ ကိုချစ်နိုင် မျက်မှန်ကိုတပ်ပြီး တံခါးဝကို ကြည့်လိုက်တယ်။ ပြီးတော့ တေဇဆီ လမ်းလျှောက်ရင်း တေဇမျက်နှာကို သေသေချာချာ စစ်ဆေးကြည့်လိုက်တယ်။ မျက်လုံးက မရမ်းစေ့ရောင်သမ်းနေပြီး ဖူးယောင်နေတုန်းဘဲ။ မေးရိုးလည်း ပြန်မကောင်းသေးဘူး။ လည်ပင်းနှင့်မျက်နှာ၊ ခန္ဓာကိုယ်တခုလုံးမှာ ဒဏ်ရာတွေအများကြီးတွေ့ရတယ်။ ဒဏ်ရာတွေကြောင့် တေဇ ကတုံးတုံးလိုက်ရတယ်။ လွန်ခဲ့တဲ့လက ဆံပင်ရှည်နှင့် တေဇကို သတိပြန်ရလိုက်တယ်။

ကိုချစ်နိုင်က “ ပြောလို့မရဘူး။ ဗိုလ်ချုပ်ကြီးတွေက လွှတ်ငြိမ်းချမ်းသာခွင့် နောက်နှစ်မှာ ပေးချင်ပေးမှာ။ မင်း ကံကောင်းနိုင်တယ်။” “တခြားလူတွေတော့ ဖြစ်နိုင်

တယ်။ ကျနော်တော့ မဖြစ်နိုင်ဘူး။ ကျနော့် သီချင်းတွေက လူတွေအခုမှ ပိုသိလာတော့ ကျနော့်ကို သတ်ပစ်ချင်နေမှာ ကျိမ်းသေတယ်။”

“ သူတို့ မင်းကို ထောင်သက်တမ်းမတိုးတာ တော်သေးတယ်။ တေဇမျက်စိမှိတ်ထားတယ်။ အဆောင် ၃က မျိုးမျိုးသန့်တို့ဟာ မင်းအတွက်ဂုဏ်ယူနေကြတယ်။ သူတို့လည်း ခွေးလှောင်အိမ်ထဲက မထွက်ရသေးဘူး။ မင်းနှိပ်စက်ခံရတာတော့ စိတ်မကောင်းကြဘူး။ တဖြည်းဖြည်း တေဇသတိလက်လွတ် ဖြစ်တော့မယ်။ မော်ဖိန်းရဲ့အစွမ်းက တရိပ်ရိပ်နှင့်တက်လာပြီ။ အိပ်မပျော်ခင် “ ငါ့ ကောင်လေးအတွက် ငါဘယ်လို ကူညီရမလဲ?”

ကိုချစ်နိုင်က “ ဘယ်ကောင်လေးလဲ?

အဲဒီလို ပြောနေချိန်မှာ ကောင်လေးဝင်လာပြီ။ ကောင်လေးဟာ ကိုချစ်နိုင်ရော တေဇကိုပါ သိပ်လေးစား ချစ်ခင်တယ်။ တယောက်ကထောင်မှူး၊ တယောက်က နိုင်ငံရေးအကျဉ်းသား။ လုံးဝဆန့်ကျင်ဘက်ဖြစ်ပေမဲ့ နှစ်ယောက်စလုံးက သူ့အပေါ်ကို ကြင်နာတတ်တာက အတူတူပဲ။

ကောင်လေးကို သူတခါမှမနေဘူးတဲ့ ရိုးသားတဲ့ လူ့အသိုင်းအဝိုင်းထဲကို ပြန်ပို့မှဖြစ်တော့မယ်။ ကောင်လေး ဒီလိုတခါမှ ပြုံးပြီးပျော်သွားတာ တခါမှမမြင်ဘူးပါ။ ဒါပေမဲ့ ကောင်လေးအတွက် သိပ်ဝမ်းသာတယ်။ ကောင်လေး တေဇရဲ့အခန်းထောင့်မှာ မတ်တပ်ရပ်နေတယ်။ ထောင်မှူးအမိန့်ရမှ အခန်းပြင်ထွက်ပြီး သုတ်သုတ်လေးလျှောက်သွားတယ်။ လေထဲမှာ လမ်းလျှောက်ရသလို ခံစားရတယ်။

အလင်းရောင်တန်းတခု ဝင်ရောက်လာတယ်။ တေဇအခုသိပြီ။ ဘာလုပ်ရမလဲဆိုတာကို တကယ်လည်း တေဇ တကယ်လုပ်ချင်နေတာကို တကယ်လုပ်ရတော့မယ်။ ရင်ခုန်ချင်သလို ခံစားရမိတယ်။

ဆက်လက်ဖော်ပြသွားပါမည်။